## ဝန်ချီစက်ယာဉ်များသုံးခြင်း

ဝန်ချီစက်မောင်းနှင်သူသည်လမ်းသွားလမ်းလာများ
ရှောင်တိမ်းရန် ဟွန်းတီး(သို့) အချက်ပြပေးပါ။





# ဆောက်လုပ်ရေး
# လုပ်ငန်းခွင်

## คู่มือความปลอดภัย
## ในการทำงานก่อสร้าง



## ဝန်ချီစက်ယာဉ်များသုံးခြင်း

ဝန်ချီစက်မ,တင်သည့်လက်တံများ
ပေါ်တွင် ရပ်မနေနှင့်။



ပစ္စည်းများကို  ဝန်ချီစက်ယာဉ်မောင်း
သူအမြင်ကွယ်အောင် အမြင့်ကြီးမတင်
ပါနှင့်။အန္တရာယ်ဖြစ်နိုင်သည်။







ကိရိယာ လက်သုံးပစ္စည်းများကို
နေရာတကျ သိမ်းဆည်းထားရန်
လိုသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့်
အန္တရာယ်များကို
ကြိုတင်ကာကွယ်နိုင်သည်။



## ပစ္စည်းများ မ တင်သည့်နည်း

ပစ္စည်းများမ,တင်ရာတွင် ကိုယ်ခန္ဓာအဆင်သင့်ဖြစ်ပြီး
ရှေ့သို့ခြေလှမ်းနိုင်မည့် ပုံမှန်အနေအထားဖြစ်ရမည်။



ခါးကိုဖြောင့်တန်းစွာထားပြီးကိုယ်ကို
လျော့ချရမည်။( ဒူးညွှတ်ပေးပါ )



လက်မောင်းနှစ်ဖက်ကို
ကိုယ်နှင့်ကပ်ထားပါ။
လက်မောင်းကို ကိုယ်နှင့်ခွာ
ထားခြင်းမပြုရ။



မ,ရမည့် ပစ္စည်းအားမြဲမြံစွာ
ကိုင်တွယ်ပါ။ (လက်ဖဝါးဖြင့်
သေချာဆုပ်ကိုင်ထားခြင်း
ဖြင့် လက်မှလွတ်သွားခြင်း၊
လျှောကျသွားခြင်းမှ
ကာကွယ်နိုင်မည်။)



မ,ရမည့်ပစ္စည်းကို ကိုယ်ခန္ဓာနှင့်
အနီးဆုံးကပ်ထားခြင်းသည်
ပစ္စည်းအလေးချိန်ကို
ခြေနှစ်ဖက်ကြားတွင်
ညီမျှစွာထားခြင်း ဖြစ်သည်။





လွှအသွားများအားလက်ဝါးဖြင့်ပွတ်သပ်
ကိုင်တွယ်ခြင်းမှရှောင်ကြဉ်ပါ။



အလုပ်လုပ်စဉ် လက်အိတ်များ
အသုံးပြုခြင်း၊ မျက်မှန်များတပ်ဆင်ခြင်း၊
ပါးစပ်နှင့် နှာခေါင်းများကို အဝတ်ဖြင့်
ပိတ်စည်းကာကွယ်ခြင်းများ ပြုလုပ်
သင့်သည်။



## ပစ္စည်းများ မ ခြင်း၊ရွှေ့ခြင်း

သယ်စရာပစ္စည်းများ၊ များလျှင် စုစည်းချည်နှောင်ပြီးမှသယ်ဆောင်ပါ။







အများအယွင်း တစုံတရာဖြစ်ပွားလျှင် ကိရိယာခလုတ် (သို့) ပလပ်ကို ချက်ချင်း ပိတ်ပါ။ ဖြုတ်ပါ။



အနာတရဖြစ်ပွားသူရှိပါက မည်မျှထိခိုက် နာကျင်ကြောင်း အကဲခတ်ပါ။ ရှေးဦး သူနာပြုနည်းဖြင့် ကူညီစောင့်ရှောက်ပြီး ဆေးရုံသို့ အမြန်ပို့ပါ။

အလုပ်မလုပ်မီ အဝတ်အစားကို သေသပ် ကျနစွာဝတ်ဆင်ပါ။ အင်္ကျီစကို ဘောင်းဘီ အတွင်းသို့ ထည့်ပြီး ကြယ်သီးများအားလုံးကို တပ်ဆင်ပါ။ အန္တရာယ်ကာကွယ်သည့် ကိရိယာများ၊ မျက်မှန် စသည်တို့ကို တပ်ဆင်ပါ။



## ပစ္စည်းများ မ ခြင်း၊ရွှေ့ခြင်း





မ, တင်ရမည့် ပစ္စည်းများသည် အနိမ့်ပိုင်း ဒူးခေါင်းအောက်တွင်ရှိပါက
မိမိကိုယ်ခန္ဓာအား အောက်သို့ လျှော့ကျစေပြီးမှ မ, တင်ပါ။
ဒူးခေါင်းကွေးပြီး အားသုံးပါ။



အလုပ်လုပ်စဉ် လက်အိတ်များအသုံးပြုခြင်း၊ မျက်မှန်များတပ်ဆင်ခြင်း၊
ပါးစပ် နှာခေါင်းများကိုအဝတ်ဖြင့်ပိတ်စည်းပြီးကာကွယ်ခြင်း
ပြုလုပ်သင့်သည်။



တုံခါသောစက်များ ဆက်တိုက်သုံးခြင်းမှ ရှောင်ကြဉ်ရန်၊ ထိုစက်များသုံးလျှင်
ခေတ္တနားခြင်း၊ ရက်ခြား၍လုပ်ခြင်းနှင့် လက်များတွင် ထိတွေ့ခံစားမှုကို
မသိရှိနိုင်တော့ပါက ဆရာဝန်နှင့် တွေ့ဆုံပြသရန်လိုသည်။